လှိုင်းကြာဖြူ (တောရှိး)



# ဆူးရူးတဲ့လိပ်ပြာ

အချစ်လုံးချင်းဝတ္ထုသစ်

# အပိုင်း(၁)

## အခန်း(၁)

"မင်းအနားရှိရင်××× ဒါ ငါ့ါအတွက် အားအင် ××× မိုးမြင့်ကြယ်စင် လှမ်းလို့ ခူးလိုက်ချင် ××× မင်းက ငါ့ရဲ့ ကမ္ဘာကြီး ×××× မင်းကအိပ်မက်သခင် ××××"

ဖုန်း Ringtone သံလေးအဆုံးတွင် လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်းမရှိပါသဖြင့် ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်ခေါ်ပါရန်ဟူသော အသံကို တစ်ဆက်တည်း ကြားရသည်။

"သွန်း" ဇွဲမလျှော့သေးဘဲ နောက်ထပ်တစ်ခေါက် ဖုန်းကို နှိပ်လိုက်ပြန်သည်။ ကိုယ်ကပဲ ဇွဲရှိသလား၊ ဆက်သွယ်ရေးဝန်ထမ်းကပဲ ဇွဲ ရှိသလား စမ်းသပ်ကြတာပေ့ါ။

ဒီအချိန်ထိ မအိပ်တတ်ဘဲ ဘာကြောင့် ဖုန်းကို ခုထက်ထိ မကိုင်သေးသလဲဟု "မောင့်"ကို ရန်တွေ့ပစ်ချင်သည်။

အင်း....တွေ့လည်း ချစ်သူနှစ်ဦးကြားမှာ အဖုအထစ်သာ ဖြစ်ဖို့ ရှိမည်။ မောင်သည် ဘယ်သောအခါမှ သူ့ရဲ့ အကျင့်စရိုက်ကို ပြင်ပေလိမ့်မည်မဟုတ်။

အို...ပြင်ရကောင်းမှန်းလည်း သိသူမဟုတ်။ ဒါဟာ ပြင်ရမည့်ကိစ္

ဆိုတာလည်း မောင်က လုံးဝ လုံးဝ လက်မခံ။

လူတွေ ပြောပြောနေတဲ့ ပြီးပြည့်စုံတဲ့ ယောက်ျားတစ်ယောက်တွင် မောင်က ပါဝင်ပါသည် ။ ပညာရေးမှာ ဆိုလျှင်လည်း အမြင့်ဆုံးဘွဲ့ဒီဂရီကို လန်ဒန်မှ သွားယူခဲ့သည် ။

ရုပ်ရည်မှာ ဆိုလျှင်လည်း အရပ်မြင့်မြင့်၊ ဘော်ဒီ structure တောင့်တောင့်နှင့် မော်ဒယ်ဘွိုင်းတစ်ယောက်လို ယောက်ျားပီသသော ရုပ်ရည်ရှိသူ။

ဆွေမျိုးအင်အား၊ ဓနအင်အားနှင့် ပြီးပြည့်စုံသူ။

ဒီလောက် ပြီးပြည့်စုံတဲ့ ယောက်ျားတစ်ယောက်မှာ ကြီးမားသော ချို့ယွင်းချက်တစ်ခုက  ချစ်သူအပေါ်မှာ ချစ်တယ်လို့ ပြောတတ်တာကလွဲလို့ ဂရုမစိုက်တတ်သူလို့ သွန်းက ပြောလျှင် လူတွေအတွက် ရယ်စရာ။

ဟုတ်ပါတယ်။ လူတွေအတွက်တင်မကဘူး။ မောင်ကပါ သွန်းရဲ့ ချစ်ခြင်းတရားကို ရယ်စရာပြက်လုံးတစ်ခုလို သဘောထားခဲ့ကာ -

"သွန်းရယ်...သွန်းနဲ့ မောင်က မကြာခင်ဘဲ လက်ထပ်ကြတော့မှာကို ချစ်တာတွေ....မေတ္တာတွေ တတွတ်တွတ် ပြောနေစရာလိုလို့ လား"

မောင့်ရဲ့ အယူအဆက တစ်မျိုးပါလား။

"မောင် ချစ်တာကို သွန်းသိပြီးပြီ။ နောက်ထပ် ထပ်ခါ ထပ်ခါ ချစ်ပါတယ်...ချစ်တယ်ကွာဆိုပြီး ပါးစပ်လျှာရိုးမရှိတိုင်း လျှောက်ပြောရအောင် မောင် အချိန်တွင် မအားဘူး...သွန်း"

မောင် ပြောခဲ့တဲ့ စကားလုံးတွေက သွန်းမျှော်လင့်ထားသော စကားလုံးတွေတော့ မဟုတ်။ သွန်းမျှော်လင့်ထားတာက

"မောင့်ဘဝမှာ သွန်းက အချစ်ဆုံး၊ အချစ်ဦး ..သိပ်ချစ်တယ် သွန်းရယ်"

ဆိုပြီး ယုယုယယ ပိုက်ထွေးလာမည့် လက်တစ်စုံနှင့် နူးညံ့နွေးထွေးသော အနမ်းပွင့်တွေ။

ခုကျတော့ မောင်က ထိုသို့ပြောရသည် ကိုပင် လျှာရိုးမရှိသူတွေ၊ သူ့ရဲ့ အချိန်တွေကို မဖြုန်းနိုင်ဘူးလေနှင့်။

တစ်ခါတလေကျတော့ -

"သွန်းက မောင့်ရဲ့ အလုပ်တွေလောက်တောင် အရေးမပါတဲ့ သူလား ...မောင်"

ဟု သည်းမခံနိုင်စွာ ပြောမိတော့

"နှိုင်းစရာမရှိ မနှိုင်းနဲ့ ....တိုင်းစရာမရှိ လျှောက်မတိုင်းနဲ့ သွန်း... သွန်းကို ချစ်တာကသတ်သတ်၊ မောင့်ရဲ့ အလုပ်က သတ်သတ်၊ အလုပ်အကိုင်နဲ့ ပုဂ္ဂိုလ်ရေး ဘယ်တော့မှ ရောထွေးပစ်ဖို့ မောင့်ကို လာမပြောနဲ့ "

ဒီလောက်တောင် လူမှုရေး ခေါင်းပါးတဲ့ ယောကျ်ားတစ်ယောက်ကို သွန်းတင့်တယ်ဆိုတဲ့ မိန်းမက ဘယ်အချိန်ကစပြီး မက်မက်မောမော ချစ်မိသွားခဲ့တာလဲ။

ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်တဲ့ မာကျောကျော ယောကျ်ားတစ်ယောက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ပြင်းထန်လွန်းတဲ့ ယောကျ်ားတစ်ယောက် စတွေ့တဲ့ အချိန်ကပဲ သွန်းရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာတွေကို သိသော ချစ်သောမောင်က သွန်းအပေါ် အနိုင်ယူလေရော့သလား။

မောင်နှင့်ပတ်သက်လျှင် ဘယ်တော့မှ ကြာရှည်စိတ်ဆိုးလို့ မရတဲ့

သွန်းကတော့ ဖွဲ့မလျှော့စွာ နောက်ထပ်တစ်ခေါက် ဖုန်းကို အမှတ်မရှိ ထပ်ခေါ်မိသည် ။

"ဟယ်လို ...သွန်း...ပြောလေ"

"ပြောလေ...လုပ်မနေနဲ့ မောင်....သွန်း မောင့်ကို ဖုန်းခေါ်နေတာ ကြာလှပြီ။ ကိုင်လည်း မကိုင်ဘူး..missed call တွေ့တာလည်း ပြန်မခေါ် ဘူး"

မောင် ဖုန်းကိုင်ကိုင်ချင်း သွန်း ကြက်တူရွေးလေး နှုတ်တိုက်သင်ခဲ့ရသည့် နှယ် တတွတ်တွတ် ပြောမိပါသည် ။

"ဟိုး...မောနေဦးမယ်... ဖြည်းဖြည်း"

"မောင်နော် ..လာနောက်မနေနဲ့ ...သွန်း...တကယ်စိတ်ဆိုးနေတာ ...ဟွန့်"

မမြင်ရပေမယ့် သွန်း မကျေနပ်စိတ်နှင့် မောင့်ဆီမှန်းကာ မျက်စောင်းထိုးလိုက်သည် ။

"မောင် ..အစည်းအဝေးခန်းမထဲရောက်နေလို့ သွန်းရဲ့ ...ခန်းမထဲရောက်ပြီဆို မောင် ဖုန်းထားခဲ့တယ်ဆိုတာ သွန်းလည်း သိသားနဲ့ ။ ဟော...ရုံးခန်းထဲပြန်ရောက်တော့လည်း လက်မှတ်ထိုး ပေးရတာနဲ့ ဘာနဲ့ ဆိုတော့ ဖုန်းမဖွင့်ကြည့်ဖြစ်ဘူးလေ"

"လာပြန်ပြီ...အဲဒီ အလုပ်တွေနဲ့ ယှဉ်လိုက်တိုင်း သွန်း အမြဲတမ်း နောက်ကို ရောက်သွားတာ လုံးဝမကျေနပ်ဘူး ...သိလား"

"ဟုတ်ပါပြီ ...သွန်း မကျေနပ်တာတွေကို စုထား...ဟုတ်ပြီလား... တွေ့ကြမှ မောင် ၁၅၀၀ နဲ့ ပြန်ဝယ်မယ်။ ကဲ...မောင်စက်ရုံသွားစရာ ရှိသေးတယ်"

"ညနေ အိမ်ဘက်ဝင်ခဲ့ဦး မောင်အကြိုက် ချက်ထားတာ စားစေချင်လို့ ။ နောက်ပြီး မေမေကလည်း မောင့်ကို မတွေ့ရတာ ကြာနေပြီတဲ့လေ… လာပြီး မျက်နှာပြလိုက်ပါဦး ကုလသမဂ္ဂ အတွင်းရေးမှူးကြီးရယ်"

"ဟာ…သွန်းကလည်း "

သွန်းရဲ့ ငေါ့တော့တော့အပြောကြောင့် မောင်က ရယ်လေသည် ။ အလုပ်တစ်ဖက်ရှိနေသည် ဆိုသောကြောင့် သွန်းလည်း မောင့်ကို ဆက်မရစ်တော့ပေ။

"စိတ်ကြည်သွားတော်မူပြီလား"

"ဟင် …ဒေါ်လေးကလည်း "

ဖုန်းချလိုက်စဉ် ကျောနောက်ဘက်မှ ထွက်လာသော အဒေါ်ဝမ်းကွဲဖြစ်သူရဲ့ ချစ်စနိုးအမေးကို သွန်းရှက်ကိုးရှက်ကန်း ဖြစ်မိသွားသည် ။

အားလုံးရဲ့ အမြင်မှာ တော့ သွန်းက တော်တော်လေးကို ကဲနေသည့် မိန်းကလေးတစ်ယောက်။

"မေမေကော ဒေါ်လေး"

စောစောတုန်းက သွန်း ဖုန်းပြောပြီးလျှင် ထမင်းစားကြမည်ဟု ပြောထားသဖြင့် သွန်းသတိတရနှင့် မေးလိုက်သည် ။

"ဘယ်နှနာရီရှိပြီလဲ …ကြည့်ပါဦး မဖုရားလေးရယ်…ရှင်လေးက ဖုန်းခေါ်လို့ မရလို့  စိတ်မကြည်ဘဲ ဖုန်းမကိုင်မချင်း တတွတ်တွတ် ခေါ်နေတာ။ ရှင်လေးအမေက ဆိုင်ပြန်သွားရဦးမှာ ဘယ်စောင့်နိုင်မလဲ"

"ဟင် ..ဟုတ်ပါရဲ့ ....တစ်နာရီတောင် ခွဲနေပြီပဲ ဒေါ်လေးရဲ့ ။ ဒုက္ခပါပဲ...မေမေကတော့ အလုပ်ကိစ္စရှိလို့ သွန်းကို ဆူမသွားတာ"

"ခက်ခက်ရချည်ရဲ့ " ဟု သွန်း တိုးတိုးတိတ်တိတ် ညည်းညူမိသည် ။

မေမေကတော့

"သမီးနဲ့ မောင်ကျော်ဖုန်းမိုရ်တို့ ကို နှစ်ဖက်မိဘတွေက သဘောတူကြောင်း ပြောပြီးသားနော်...လူကြီးမိဘဘက်က အဲဒီလို လိုက်လျောတာက သမီးတို့ နှစ်ယောက် နေချင်သလိုနေ၊ ပြောချင်သလိုပြောဖို့ လွတ်လပ်ခွင့်ပေးလိုက်တာ မဟုတ်ဘူး ။ လူကြီးမိဘတွေ မျက်စိစပါးမွေးစူးလောက်အောင်နေတာ ပြောတာဆိုတာ မလုပ်နဲ့ ကြားလား"

ဟု မကြာခဏ ဆုံးမတတ်သည် ။ နောက်ပြီး

"တွေ့ဖန်များ ရင် ရိုးသွားတတ်တယ်။ နမ်းပါများ ရင် ပြယ်တတ်တဲ့ သဘောရှိတဲ့ အတွက် ကိုယ့်ရဲ့ တန်ဖိုးကို ထိန်းသိမ်းရမှာ က သမီးရဲ့ တာဝန်ပဲ"

"မေမေ ဘာကိုဆိုလိုတာလဲဟင်"

"မေးမှ မေးပေါ့မလားလို့ မေမေက စိတ်ပူနေတာ သမီးရယ်။ ဒီလိုကွဲ့ ...သာဓကလေးတစ်ခု မေမေပြောပြမယ်နော်။ အမျိုးသမီးတစ်ယောက်ကလို့ ဆိုပါစို့။ အဲဒီအမျိုးသမီးက လက်သီးဆုပ်ထားပြီး သူ့သမီးကို ဒီလက်ထဲမှာ ဘာရှိသလဲတဲ့ ။ သူ့သမီးက မသိဘူး။ ဘာရှိလဲလို့ မေးတော့ သိချင်ရင် ထိုင်ထ (၁၀) ခါလုပ်ပြလို့ အမေက ပြောတယ်။ မအေရဲ့ လက်ထဲမှာ ဘာရှိသလဲ သိချင်နေတဲ့ သမီးက ထိုင်ထ (၁၀) ခါ လုပ်တယ်လေ

"

"ပြီးတော့ အမေက ပြလိုက်ရောလား"

"သမီး...မေမေ့ရဲ့ စကား မဆုံးသေးဘူးလေ။ ဘာလို့ စကားဖြတ်ပြောတာလဲ"

"တောင်းပန်ပါတယ် မေမေ"

သူ့ရဲ့ စကား ဖြတ်ပြောသဖြင့် မကြိုက်သလို မျက်မှောင်တွန့်လိုက်သော မေမေကြောင့် သွန်းပြန်တောင်းပန်လိုက်သည် ။ သွန်းရဲ့ တောင်းပန်စကားကြောင့် မေမေက မျက်နှာပြန်ကြည်လင်သွားပြီး စကားပြန်ဆက်သည် ။

"ဒါနဲ့ ထိုင်ထ(၇)ခါ လုပ်ပြပြီးရင် ပြောမယ်တဲ့ ။ သမီးလည်း (၇)ခါ ထပ်လုပ်တာပေ့ါ။ ဒီလိုနဲ့ (၆)ခါလုပ်ရင် ပြမယ်။ (၅) ခါလုပ်ရင် ပြမယ်။ (၃) ခါ လုပ်ရင် ပြမယ်။ နောက်ဆုံး (၁) ခါ လုပ်ပြီးရင် ပြမယ်ပေ့ါ။ ဒီလိုနဲ့ နောက်ဆုံးတစ်ခေါက် လုပ်ပြီးတဲ့ အခါမှာ အမေက ဆုပ်ထားတဲ့ သူ့လက်သီးဆုပ်ကို ဖွင့်လိုက်တဲ့ အခါ အကြွေစေ့ ၂ စေ့ကို တွေ့ရတယ်တဲ့ "

"ဟင်"

မျှော်လင့်တကြီး ကြည့်နေသော သွန်းကိုယ်တိုင်တောင် ဒီလောက်စိတ်ပျက်သွားသည် ဆိုလျှင် ထိုင်ထပေါင်းများ စွာကို မနားမနေ လုပ်နေရသည့် သမီးဖြစ်သူမှာ ဘယ်လောက်ထိ စိတ်ညစ်သွားမည်နည်း။

"မေမေ...ပြောချင်တဲ့ ရည်ရွယ်ချက်ကို သမီးသိရဲ့ လား...နားလည်ရဲ့ လား"

"သမီး သဘောမပေါက်ဘူး မေမေ"

"ဟုတ်ပြီ ...သူ့အမေက သူ့သမီးကို ဘာပြောသလဲဆိုတာ သမီးနားထောင်။ မောမောပန်းပန်းနဲ့ ထိုင်ထလုပ်ရတဲ့ သမီးက အကြွေစေ့မှန်းသာသိရင် ဒီလောက် အမောခံပြီး ထိုင်ထမလုပ်ပါဘူးတဲ့ ။ သူ့အမေက သမီးရယ် ၁၂ ခါလောက် လုပ်ပါဦးဆိုတော့ မြင်ပြီးပြီ မလုပ်နိုင်တော့ဘူးတဲ့ ။ လေးခါ...နောက်ဆုံး တစ်ခါလုပ်ပြပါဦးဆိုတာတောင် သမီးက ထိုင်ထမလုပ်ဖြစ်တော့ဘူးတဲ့ ။ ဒါ....ဘာကြောင့်လဲဆိုတော့ ကိုယ့်ရဲ့ မမြင်မတွေ့ဝံ့တဲ့ အရာကို မမြင်မတွေ့အောင် ထိန်းသိမ်းလေလေ တန်ဖိုးရှိလေလေပဲ။ တကယ်လို့ အကြွေစေ့ကို ဖွင့်မပြဘူးဆိုရင် သမီးက ထိုင်ထ ဘယ်နှခါလုပ်ခိုင်းခိုင်း လုပ်မှာ ပဲ။ ဘာကြောင့်လဲဆိုတော့ သူက အရမ်းတွေ့ချင်သိချင်နေတာကိုး။ ယောကျာ်းလေးတွေရဲ့ မြင်ကွင်းရှေ့မှာ မလုံမလဲနဲ့ ဟိုဖော်ဒီဖော် ဝတ်နေရင်တော့ ဘယ်တန်ဖိုးထားခြင်းခံရမလဲ"

"သမီး သဘောပေါက်ပါပြီ မေမေ"

သွန်း နားလည်း သဘောပေါက်စေရန် ဥပမာ သာဓကတွေနှင့် ဆုံးမသွားသော မေမေ့စကားတွေက သွန်းအတွက် မှတ်သားနာယူစရာတွေချည်းပါပဲ။

ဒီလိုပါပဲ မေမေကတော့ သွန်းကို အချိန်ရှိလျှင် ရှိသလို သတိရလျှင် ရသလို ဆုံးမနေကျ ဖြစ်သည် ။

တကယ်တော့ မေမေ့ရဲ့ တစ်ဦးတည်းသော တွယ်တာစရာဆိုလို့ သွန်းတင့်တယ်တယ်ဆိုသော သွန်းသာရှိပြီး သွန်းအတွက် တစ်ဦးတည်း အားကိုးရာ မြင်းမိုရ်တောင်သည် မေမေသာ ရှိသည် ။

ဖတဆိုးဖြစ်သော သွန်းကို မေမေသည် အစွမ်းကုန် အလိုလိုက်တာမျိုး မရှိပေမယ့် အစွမ်းကုန်ချစ်ပါသည် ။

ဘွဲ့ရပြီးတစ်နှစ် အလုပ်မဝင်သေး။ မေမေ့ရဲ့ အလုပ်မှာ မကူသေးဘဲ အိမ်ထောင်ပြုဖို့ ချက်ချင်း ဆုံးဖြတ်ခဲ့သော သွန်းကိုလည်း စိတ်ဆိုးသည့် လက္ခဏာ ၊ ဝမ်းနည်းသည့် အရိပ်အယောင်များ မပြခဲ့ပါ။

"အင်းလေး ...အချိန်တန်အရွယ်ရောက်ပြီဆိုရင် ဒီကိစ္စကို ဘယ်သူက တွန်းလှန်နိုင်လို့ လဲ။ ဒီလူနဲ့ မဟုတ်လို့ နောက်လူနဲ့ လက်ထပ်မှာ ပဲလေ"

"မေမေ သဘောမတူဘူးလားဟင်"

"မေမေ သဘောမတူဘူးဆိုရင် သမီးက နောက်ဆုတ်မှာ လား"

"ဒါတော့....."

မထင်မှတ်သောစကားကြောင့် သွန်းကိုယ်တိုင် ဘာဆက်ပြောရမှန်း မသိ ဖြစ်သွားသည် ။ မေမေက ဝေခွဲမရသလိုဖြစ်သွားသော သွန်းကိုကြည့်ကာ ဆံပင်တွေကို ဖွဖွသပ်ပေးပြီး

"သမီးနဲ့ စပ်မှ တော်ရပေမယ့် မေမေ့သမီး ချစ်တဲ့ လူကို မေမေက သားတစ်ယောက်လို ချစ်နိုင်ပါတယ် သမီးရယ်"

"ဟင်...ကျေးဇူးတင်လိုက်တာ မေမေရယ်"

သွန်း ဖြစ်ချင်သမျှကို အမြဲတမ်း ဖြည့်ဆည်းပေးခဲ့သော မေမေရဲ့ ကျေးဇူးတွေကို သွန်း ဆယ်သက်တောင် ဆပ်၍ မကုန်နိုင်ပါ။

*****

# အခန်း(၂)

"အန်တီ နေကောင်းတယ်နော်"

"နေကောင်းပါတယ် ကိုဖုန်းရယ်...အခုတလော ပျောက်နေလို့ သမီး ကိုတောင် မေးနေတာ။ မောင်ကျော်ဖုန်းမိုရ် ဘယ်ရောက်နေလဲလို့ "

"အလုပ်ကိစ္စတွေ နည်းနည်းရှုပ်နေလို့ ပါ အန်တီ...အခုတော့ နည်း နည်းပြီးပါပြီ"

"အေးကွယ် ..အဆင်ပြေမှာ ပါ။ အိမ်မှာ အားလုံးချက်ပြုတ်ပြီးပြီ၊ ဒီမှာ ပဲ စားသွားနော်။ ကဲ...ကဲ....စကားပြောကြဦး....အန်တီ စာရင်း လေးလုပ်စရာရှိလို့ "

"ဟုတ်ကဲ့ပါ အန်တီ"

"ယောက္ခမကြီးက အရမ်းကောင်းတာပဲ"

"မောင်နော် ဘာယောက္ခမကြီးလဲ...ဟွန်း"

အပေါ်ထပ်သို့ တက်သွားသော မေမေ မကြားအောင် ပြောလိုက် သော မောင့်ကို မျက်စောင်းထိုးလိုက်သည် ။

"လူကသာ အလုပ်ရှုပ်နေတယ်ပြောတာ...ပဲကလည်း များ ထားလို က်တာ ...ဟွန့်"

"ဟောဗျာ...ခင်ဗျားမျက်စောင်းက နဂါးမျက်စောင်းဆိုရင် ကျွန်

တော်မျိုး ပြောကျတာကြာပြီ မဖုရားရယ်"

"ဟုတ်တယ်လေ…ဟုတ်တာပြောတာပဲ"

တစ်နေကုန် အလုပ်ထဲမှာ ရှိနေသူနှင့် မတူစွာ လန်းဆန်းတက်ကြွနေသော မောင့်ပုံစံက မနာလိုချင်စရာကောင်းသည် ။

"ပြောရင်လည်း သွန်းက လွန်တယ်ဖြစ်ပြီးမယ်။ မပြောတော့ပါဘူး။ ဘာမှ ကို မပြောမိအောင် နေရတော့မယ်"

"သွန်းကလည်း ကွာ ..မောင်အခု လုပ်နေတယ်ဆိုတာတွေကလည်း တစ်ချိန်ကျရင် သွန်းနဲ့ မောင် အဆင်ပြေပြေ နေထိုင်ကြဖို့ ပဲ မဟုတ်လား"

"ဟုတ်ပါပြီ…ဟုတ်ပါပြီ…သွန်းပဲ မှားတယ် ထားပါတော့"

"သွန်းလည်း မမှားပါဘူး။ ကိုယ့်ချစ်သူအပေါ်မှာ ချစ်လို့ သဝန်တိုတာကို မောင်က ပိုပြီးတော့တောင် သဘောကျသေးတယ်"

"သွားစမ်းပါ .အပိုတွေ"

သွန်းတင့်တယ်ဆိုတာ မောင် တစ်ချက်ချော့လိုက်ရင် တန်းပျော့ကျသွားသူဆိုတာလည်း မောင်က သိနေနှင့်တယ်လေ။

တစ်ခါတလေကျရင် မောင်က သောကြာသား ရှုံးရလောက်အောင် စကားတတ်သူ ဖြစ်၏။

"မောင် ထမင်းစားတော့မလား"

"နေပါဦး …သွန်းရဲ့ သွန်းက ဆာနေပြီမို့လား"

"ဟင့်အင်း …မဆာသေးပါဘူး ။ မောင်က ပြန်ရဦးမှာ မလား…မောင်နေမှာ ဆိုးလို့ လေ"

"ဩော်…သွန်းရယ်..ဒီလမ်းနဲ့ ဒီခရီး မှောင်တော့ကော ဘာဖြစ်လဲ။ မောင်က မိန်းကလေးမို့လား ခြံထဲ လမ်းခဏဆင်းလျှောက်ရအောင်လေ "

သွန်းဘာသာဆိုလျှင် မောင့်စကားကို ရှောရှောရှူရှူ လက်ခံလိုက်မည်ဖြစ်သော်လည်း မေမေ့ကိုကော၊ ပတ်ဝန်းကျင်အခြေအနေကြောင့် သွန်း တုံ့ဆိုင်းသွားရသည် ။

"သွန်း"

"ဩော်…မောင် ဒါဆို မောင်အရင် ခဏသွားနှင့်လိုက်နော်။ သွန်း နောက်ကလိုက်ခဲ့မယ်။ မေမေ့ကို သွန်းတို့ နဲ့ မှ အတူစားမယ်ဆိုရင် နောက်ကျသွားမှာ စိုးလို့ "

"အိုကေ"

မောင်က တစ်ယောက်တည်း ခြံထဲသို့ အရင်ဆင်းသွားနှင့် လေသည် ။ သွန်းသက်ပြင်းကို အသာချလိုက်ပြီး အပေါ်ထပ်သို့ တက်သွားလေသည် ။

သွန်းကို ချစ်လွန်းလို့ သာ မေမေက မောင်နှင့်ပတ်သက်လျှင် ၅၀ ရာခိုင်နှုန်း လျှော့ထားသော်လည်း သူ ချမှတ်ထားသည့် စည်းကမ်းများကို ဖောက်ဖျက်လျှင် နည်းနည်းမျှမကြိုက်။

"မေမေ …သမီး အဆိပ်မရှိတဲ့ အေးချမ်းတာကို မေမေလည်း သဘောကျပါတယ်။ ဒါပေမဲ့ နေရာတကာတိုင်းမှာ မိန်းမတစ်ယောက်ဟာ အလုံးစုံတိုင်း သူ့ချစ်သူ၊ သူ့မိဘ၊ သူ့ပတ်ဝန်းကျင်ကင်းမဲ့ပြီး လူညွှန့်တုံးတတ်တယ်။ ကိုယ့်စိတ်မှာ မှားနေတယ်ထင်တဲ့ အကြောင်းအရာကို တောင် ပတ်ဝန်းကျင်ကြောင့် မှန်တယ်ပြောတတ်တာလည်း ကောင်း

တော့မကောင်းဘူး"

တစ်ခါတလေကျလျှင် မေမေပြောသမျှကို သွန်းနားမလည် ။

လိုက်မမှီပါ။

သွန်းက သမားရိုးကျ မိန်းကလေးတစ်ယောက်သာဖြစ်ပြီး မေမေက တော့ ထက်မြက်သော မိန်းမတစ်ယောက်။ အိမ်ထောင်မှုကော နိုင်နင်းသလို စီးပွားရေးဘက်တွင် လည်း ကျွမ်းကျင်သူ ။ ဒါကြောင့်လည်း ဖေဖေ မရှိတော့သည့်နောက်ပိုင်း သွန်းတို့ ရဲ့ စီးပွားရေးအခြေအနေမှာ ယုတ်လျော့ခြင်း မရှိတာပေါ့။

တကယ်ဆို ဖေဖေ သွန်းတို့ သားအမိအပါးမှာ မရှိတော့တာ။ သွန်းတစ်သက်နီးပါး။

တစ်ခါတစ်ရံကျတော့လည်း မေမေက ထုံးစံအတိုင်း သွန်းနားမလည်နိုင်သော စကားတွေနဲ့

"သူ မရှိရင် ငါမရပ်တည်နိုင်ပါဘူးလို့ မေမေက တွေးထားခဲ့ရင် သမီးတောင် ဒီအသက်ဒီအရွယ် ရောက်လာမှာ မဟုတ်ဘူး ။ သူ မရှိရင် လည်း ဖြစ်အောင်နေ။ ဒါက ယောက်ျားဖြစ်သူကို မထီလေးစားလုပ်ဖို့ ပြောနေတာ မဟုတ်ဘူး နော်"

တကယ်တော့ မေမေ ထုဆစ်ခဲ့သော သွန်းတင့်တယ်ဆိုတဲ့ မိန်းကလေးက ပန်းပုရုပ်ဖြစ်မလာဘဲ ဖယောင်းရုပ်သာ ဖြစ်ခဲ့ကြောင်းကို ထုဆစ်ခဲ့သော မေမေကိုယ်တိုင်လည်း သိပါသည် ။

စ က ၁းလေ းမ၂ ၁ လေသံလေး နည်းနည်းမာသွားလျှင်တောင် ဝမ်းနည်းတတ်တာ။ သူများ ရဲ့ ခပ်ကျောကျောစကားကိုတောင် အောင်မြင်စွာ မတုံ့ပြန်တတ်တာတွေ အို…သွန်းရဲ့ အားနည်းချက်တွေ

ကို ပြောလို့၊ တွေးလို့ တောင် မကုန်နိုင်ပါ။

"မေမေ"

"ကိုဖုန်း ပြန်သွားပြီလား သမီး"

"ဟို...သမီးတို့ လေ ...ဗိုက်မဆာသေးတော့ ခြံထဲမှာ လမ်းခဏလျှောက်မို့ မေမေ ...ဟို...မေမေ ဆာရင်"

ခပ်တည်တည် ကြည့်နေသော မေမေ့ကြောင့် သွန်းစကားတွေ အထစ်ထစ် အငေါ့ငေါ့နှင့် ရပ်လိုက်သည် ။

မေမေက ဘာမှ မပြောဘဲ သက်ပြင်းချကာ ခေါင်းညိတ်ပြီး

"ရတယ် .. မေမေ မဆာသေးဘူး"

ပြောချင်သည့်စကားများ ရှိသော်လည်း ထိန်းလိုက်ပုံရသည် ။ သွန်းကိုယ်တိုင် မေမေ တစ်ခုခု ပြောချင်နေတာ သိနေသော်လည်း ခြံထဲမှာ မောင်တစ်ယောက်တည်းဆိုသောအသိနှင့် အောက်ထပ်သို့ ပြန်ဆင်းခဲ့သည် ။

သွန်းခြံထဲရောက်တော့ မောင်က ဖုန်းပြောနေသည် ။

"ငါ မင်းကို အစကတည်းက ပြောထားသားပဲကွ...တားနေတဲ့ ကြားကနေ မင်း ရှေ့ဆက်တိုးခဲ့တာဆိုတော့ အဲဒီကိစ္စ မင်းမှာ တာဝန်အများကြီး ရှိသွားပြီ"

"..............."

"ဟေ့ ကောင် ...ဆွေမျိုးတော်တာ အိမ်မှာ ပဲ၊ လုပ်ငန်းထဲမှာ ဆွေမျိုးတော်လို့ ဆိုပြီး အပြစ်ကို လျှော့ပေါ့ပေးမှာ မဟုတ်ဘူး "

"မောင်"

"ဩော်.....သွန်း... လာလေ...ကြာလိုက်တာ"

ဖုန်းပြောပြီးသွားသော မောင့်ရဲ့ နောက်မှာ ရပ်ပြီးခေါ်လိုက်သည် ။ မောင်က ခါးတစ်ဖက်ထောက် ရပ်နေရာမှ နောက်သို့ လှည့်ကြည့်ပြီး သွန်းကို တစ်ချက် အပြစ်တင်သည် ။

သွန်း မောင့်ရဲ့ လက်မောင်းကို ဖက်တွယ်ကာ...

"မောင်ရယ်...ဒေါသတွေ အဲဒီလောက်ထိ မကြီးပါနဲ့ ...ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာ လဲ...စမ်းချောင်းဘက်က project ကိစ္စပေါ့။ မောင်က မဖြစ်နိုင်ဘူးလို့ တားနေတဲ့ ကြားကနေဟော အခုတော့ အဲဒီမြေက ပိုင်ရှင်ပေါ် လာပြီ"

"ဟုတ်ပါပြီ...ခဏတစ်ဖြုတ် အိမ်လာတဲ့ အချိန်မှာ အလုပ်က စိတ်ရှုပ်စရာတွေ မေ့ထားစမ်းပါ ။ ဗိုက်မဆာသေးဘူးလား....ထမင်းစားကြရအောင်လေ"

မောင်က သူ့လက်မောင်းကို ဖက်တွယ်ထားသော သူ့ရဲ့ လက်ကို ထွေးဆုပ်ကာ ခေါင်းညိတ်ပြသဖြင့် သွန်းတို့ နှစ်ယောက် အိမ်ထဲ ပြန်ဝင်လာသည် ။

မောင့်ရဲ့ မျက်နှာ ရောက်စတုန်းကလို မကြည်လင်တော့တာ အမှန်ပင်။

ထမင်းစားသောက်ပြီးတော့ မေမေ့ကို ခပ်လေးလေး နှုတ်ဆက်ကာပြန်သွားသည် ။

အစတုန်းက အေးဆေးပါဆိုတဲ့ လူက လောလောနှင့်ပြန်သွားသဖြင့် မေမေကတောင် မေးနေသေးသည် ။

ဪ…မောင်ရယ်။

ဒီနေ့ မောင် ရောက်လာတဲ့ အချိန်ကျရင် သွန်းနဲ့ မောင်ရဲ့ မင်္ဂလာပွဲ အတွက် သွန်းစိတ်ထဲမှာ လှပစွာ ပုံဖော်ထားသော အကြောင်းအရာများ ကို ပြောပြမည်ဟု တွေးထားသမျှ မောင်လောနေတာနဲ့ သွန်းတောင် သတိမရတော့။

နောက်ထပ် မောင်နဲ့ တွေ့ဖို့ က သွန်းဘက်က တတွတ်တွတ် ဖုန်းဆက်နိုင်လွန်းမှ တော်ကာကျမည်။

သွန်းနေရာမှာ အခြားသော မိန်းကလေးတွေဆိုလျှင် ကိုယ့်ဘက်က အဲဒီလောက်ထိ အောက်ကျနောက်ကျခံနေစရာ မလိုဘူးတွေးလျှင် ဇာတ်လမ်းက မစခင်ကတည်းက ပြတ်နေလောက်ပြီ။

အင်းလေ…ပိုချစ်ရတဲ့ သူက ပိုရှုံးတာ သဘာဝပဲလေ။ မောင်က သွန်းကို မချစ်တာမဟုတ်ပေမယ့် ဂရုစိုက်မှု အားနည်းခဲ့တာကို သွန်းဘယ်တရားသူကြီးနှင့် တရားစွဲလို့ ရနိုင်မှာ တဲ့ လဲ။

"ဂွတ်နိုက် မောင်…မောင် အိမ်ကို ပြန်ရောက်ပြီလား"

ကိုယ့်ကိုယ်ကိုယ် ပျော့သလိုဖြစ်နေတာ သိပေမယ့် သွန်းပြင်ရကောင်းမှန်းမသိပါ။ အမှတ်အတေး မထားတတ်သူပီပီ မောင်ထံ Message လှမ်းပို့လိုက်သည် ။

သို့သော် အချိန်နာရီတို့ သာ တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သည် ။ မောင့်ဘက်က Reply ပြန်မလာခဲ့ပေ။

သွန်း နာကြည်းကြေကွဲရပေမယ့် အိပ်ပျော်အောင် အိပ်ဖို့ ကြိုးစားလိုက်သည် ။

ဒီအချိန်မှာ မောင်ကတော့ သွန်းကို သတိရဖို့ ထက် သူ့ရဲ့

အကျိုးအမြတ်ကို ထိခိုက်စေခဲ့သည့် သူ့အလုပ်ကလူအကြောင်းပဲ ခေါင်းထဲရောက်နေပေလိမ့်မည်။

ဩော်...မောင်ရယ်....။

*****

# အခန်း(၃)

"ဒီအကျီလေးနဲ့ လိုက်တယ် မမသွန်းရဲ့ ...မမသွန်းက အသားလေးဖြူစွတ်နေတော့ ဘာဝတ်ဝတ် လှပြီးသား"

"အပိုတွေ မမြှောက်စမ်းပါနဲ့ ဖြူဖြူရယ်....ငါလှလား မလှလားငါ့ကိုယ်ငါ သိပါတယ်။ နင် မြှောက်နေတာနဲ့ ပဲ ငါလည်း အနေခက်ပြီး အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲတော့ဘူး"

"ခစ်...ခစ် မမသွန်းကလေ တစ်ခါတလေကျတော့လည်း အတည်ပေါက်ကြီးနဲ့ ဟာသတွေလည်း ပြောတတ်တယ်နော်"

"အမလေးတော်"

ကိုယ့်ကို ပြန်ချီးကျူးလိုက်သော ဖြူဖြူ့ကို သွန်းမျက်လုံးပြူးပြီး ကြည့်လိုက်သည် ။

ဖြူဖြူဆိုတာက သွန်းတို့ အိမ်မှာ လက်တိုလက်တောင်းခိုင်းဖို့ ခေါ်ထားသည့် ကောင်မလေးဖြစ်သည် ။

အသက်က ၁၆ ၊ ၁၇ နှစ်ခန့်ရှိပြီး စကားပြောလိုက်လျှင် ဉာဏ်ရည်ဉာဏ်သွေးအားနည်းသော သူတစ်ယောက်လို။

ဟုတ်ပါတယ် ဖြူဖြူက ဉာဏ်ရည်ဉာဏ်သွေး အားနည်းနေသည့် မိန်းကလေးတစ်ယောက် ဖြစ်ပါသည် ။

မေမေ ဖြူဖြူ့ကို ခေါ်လာစဉ်ကဆို သွန်းအတော်ပင်လန့်ပါသည် ။ သိတဲ့ အတိုင်း အသိဉာဏ်ရှိတဲ့ သူတောင် ကိုယ်နေတဲ့ အိမ်ရှင်အပေါ် မကောင်းမှုကျူးလွန်သေးတာ ။ ဖြူဖြူက ဘယ့်နှယ်လုပ်မလဲ။

"သမီးရယ်...ဖြူဖြူက ရူးနေတဲ့ မိန်းကလေး မဟုတ်ပါဘူး။ သူငယ်ငယ်လေးက အဖေနဲ့ အမေ ရိုက်လွန်းလို့ ထုံထိုင်းရင်းကနေ ခုလိုဖြစ်နေတာ။ အကြောက်တရားတွေ စုပေါင်းပြီး ကလေးက ခုလို ဖြစ်နေတာ"

"ဒါပေမဲ့"

"အမေ နားလည်ပါတယ်။ မေမေတို့ ကလည်း ဖြူဖြူကို ခိုင်းဖို့ သက်သက် ခေါ်ထားမှာ မဟုတ်ဘူး လေ။ အဓိက ကတော့ သူ့ကို မလိုလားတဲ့ အသိုင်းအဝိုင်းထဲကနေ ဆွဲထုတ်ပေးရုံသက်သက် ပါ"

"ဆွဲထုတ်ပေးရုံနဲ့ သူက ကောင်းလာနိုင်မှာ မို့လို့ လား မေမေ"

ဒီမေးခွန်းကိုတော့ သွန်းတကယ်သိချင်ပါသည် ။ ရူးသွပ်သွားတဲ့ လူတွေ လူကောင်းပကတိ ပြန်ဖြစ်သည် ဆိုတာကိုတော့ သွန်း မကြားဖူး။ မကြာခဏ ရောဂါဟောင်းက ထဖောက်သဖြင့် မိသားစုတွေ စိတ်ညစ်ရတဲ့ သာဓကမျိုးတွေလည်း ဒုနှင့်ဒေး။

သူ့ဘာသာနေလျှင် အကောင်းသား ဖြစ်နေသော လူတစ်ယောက် ကိုယ့်အိမ်ပေါ်မှာ ခေါ်တင်ထားပြီးတဲ့ ။ အတော်ကြာတော့ ကိုယ့်မိသားစုနဲ့ အတူနေလို့ မဖြစ်တော့။ ပြန်ပါဟဲ့ ပြောလည်း မရ။ ဆွဲချလည်း မရဆိုလျှင်...

"ဒါတော့ကွယ်...မေမေ ပြောပါပကော ...ဖြူဖြူကို ရူးနေတယ်လို့ ထင်တဲ့ သမီးရဲ့ အတွေးတွေကို မောင်းထုတ်လိုက်ပါ။ ကောင်းမွန်တဲ့ လူ့ပတ်ဝန်းကျင်ထဲကို ရောက်လာရင်တော့ ဖြူဖြူသူ့ကိုယ်သူ ယုံကြည်ချက်

တွေ ရှိလာမှာ ပါ"

ပြောနေသော မေမေကိုယ်တိုင် မသေချာတာကို မေမေကိုယ်တိုင် ကော သိရဲ့ လား။

သို့သော်...ဖြူဖြူ သွန်းတို့ အိမ်မှာ ရောက်နေတာ (၃) နှစ်ရှိပြီ။ သွန်းတို့ သားအမိကို ဘာဒုက္ခမှ မပေးဘဲ ကူဖော်လောင်ဖက် ဖြစ်စေခဲ့တာ တော့ အမှန်။

ဒ့ါအပြင် ဖြူဖြူစိတ်ပိုင်းဆိုင်ရာ အခြေအနေသည် လည်း များ စွာ တိုးတက်ခဲ့တာကို တွေ့မြင်ရပါသည် ။

ယခုလည်း ကြည့်....

သူက တစ်ပြန်ကြီး သွန်းကို ဟိုအဝတ်အစားနှင့် လိုက်တယ်။ ဒီအဝတ်အစားနှင့်လိုက်တယ်ဆိုပြီး အကြံပေးဝေဖန်လျက်ရှိလေသည် ။

"တော်ပါ ဖြူဖြူရယ် ..ငါ သွားရမယ့် မင်္ဂလာဆောင်က အဲဒီလောက်ကြီး ကြီးကြီးကျယ်ကျယ် လုပ်မှာ လဲ မဟုတ်ဘူး ။ ဒီလိုပဲ အသိအမှတ်ပြုသဘောပဲ။ တော်ကြာ ငါက သတို့ သမီးထက် ပိုပြင်လာလို့ လူကဲ့ရဲ့ စရာတွေ ဖြစ်နေပါမယ်အေ"

"ဒါ ဆိုလည်း ဟောဒီဝမ်းဆက်လေးတော့ ဝတ်လိုက်ပါ မမသွန်းရယ်...ဒီဝမ်းဆက်လေးကို မမသွန်းသာ ဝတ်လိုက်ရင် မင်းသမီးတွေတောင် ထိုင်ငိုသွားမယ်"

"ကလင်...ကလင်"

"ဟော....ဖုန်းလာနေတယ်"

"သွားကိုင်လိုက်...မေမေတော့ မဟုတ်လောက်ဘူး။ သေချာမေး

သေချာဖြေဦးနော်"

"ဟုတ်ကဲ့ပါ မမသွန်းရဲ့ "

ခုန်ပေါက်ပြေးထွက်သွားသော ဖြူဖြူကိုကြည့်ပြီး သွန်းလည်း ခုမှ သက်ပြင်းချနိုင်တော့သည် ။

မဟုတ်လျှင် ဖြူဖြူမြှောက်ပင့်ပြောဆိုနေတာနဲ့ သွန်းလည်း နေစရာကို ရှိတော့မည်မဟုတ်။

သို့သော် ဖြူဖြူ နောက်ဆုံးရွေးပေးသည့် ပန်းမရမ်းရောင် ဖျော့ဖျော့ရောင်စုံပန်းပွင့်လေးများ ပါသော ရေခဲသားဝမ်းဆက်ကို ဝတ်ဆင်လိုက်သည် ။

အင်္ကျီမှာ အပါးသားနှင့် ဆက်ချုပ်ထားသော ပုံဆန်းဆန်းလေး ဖြစ်သည် ။ ဖြူဝင်းသော သွန်းရဲ့ အသားအရည်နှင့် လိုက်ဖက်တာတော့ အမှန်ပင်။

ပြီးခဲ့တဲ့ တစ်ပတ်ကမှ စိတ်ကူးပေါက်ပေါက်နှင့် ဆံပင်များကောက်ထားခဲ့သည် ။ ခါးထိရှည်သော ဆံပင်များကို အဖျားကောက်၍ ရွှေအိုရောင်ဆေးဆိုးတော့ မောင်က Beauty Saloon ကို သွန်းနှင့်အတူ လိုက်ပေးပါသည် ။

"ငယ်တုန်းရွယ်တုန်း ပြင်ရဆင်ရတာ အဲဒီလောက်ထိ ပုံတုံးတုံး မနေစမ်းပါနဲ့ သွန်းရယ်"

"မောင်ကလည်း ကွာ သူများကောင်လေးတွေဆိုရင် သူတို့ ကောင်မလေးတွေ အရမ်းလှသွားမှာ ဆိုးလို့ မပြင်နဲ့ ၊ မဆင်နဲ့ တားနေချိန်မှာ မောင်က ပြင်ရဆင်ရနဲ့ မောင်ကတော့ လူထူးဆန်းပဲ "

"မောင်က လူထူးဆန်း မဟုတ်ဘူး သွန်းရဲ့ ...လူပီသတာ။ ကိုယ့်

ကောင်မလေးကို ကိုယ်ကိုယ်တိုင်လည်း လှလှပပ မြင်ချင်သလို မင်းရဲ့ ကောင်မလေးက လှလိုက်တာလို့ ချီးကျူးတာလည်း ခံချင်တယ်"

ခက်တယ်။

တစ်ခါတလေကျတော့လည်း မောင်က အဲဒီလို ပကာသနတွေအပေါ်မှာ အလေးထားတတ်လွန်းသူတစ်ယောက် ဖြစ်နေတတ်သည် ။

လက်ထပ်ပြီးကြလျှင်တော့ သွန်းကပဲ မောင့်ကို ပုံသွင်းရမလား။ မောင်ကပဲ သွန်းကို သူ့လိုရာ ပုံသွင်းမလားဆိုတာတော့ ဆက်လက်စောင့်ကြည့်ရပေမည်။

သို့သော် အခုတောင် သွန်း မောင့်ရဲ့ အမိန့်၊ မောင့်ရဲ့ ဆန္ဒတွေကို မလွန်ဆန်နိုင်ခဲ့လျှင် လက်ထပ်ပြီးလျှင် သွန်းကသာ ပုံသွင်းခံရမှာ တော့ ရာနှုန်းပြည့် သေချာနေသည် ။

"ဘယ်သူ့ဆီကလဲ"

ဧည့်ခန်းထဲသို့ ထွက်လာရင်းမေးတော့ ဖြူဖြူက သွန်းကို ကြောင်ကြည့်နေသည် ။

သွန်းပြင်ဆင်ထားမှုကို ကြည့်နေတာမျိုးမဟုတ်ဘဲ ထိတ်လန့်တုန်လှုပ်သော မျက်ဝန်းများ ဖြစ်နေသဖြင့်

"ဟဲ့..ဖြူဖြူ"

"........"

"ဖြူဖြူ...ငါ ခေါ်နေတာကြားလား"

"ဟင်...မမသွန်း"

"ဘာဖြစ်နေတာလဲ...ဘယ်သူ့ဆီကဖုန်းလဲလို့ "

ကြောင်နေသော ဖြူဖြူရဲ့ လက်မောင်းကို ပုတ်ကာခေါ်လိုက်မှ ဖြူဖြူ က ပြူးပြူးပျာပျာနှင့် အသိဝင်လာသည်။

"ကလင်...ကလင်"

"ဟင်"

"လာပြန်ပြီ"

"မမသွန်း"

"ဘာလဲ"

"မမသွန်းပဲ ကိုင်လိုက်တော့နော်"

"ဟော...နင်က ငါ့ကို ပြန်ခိုင်းနေတာလား"

"ကလင် ...ကလင်"

တကယ့်ကို ဒုန်းပေကတ်သပ် ရပ်နေခြင်းကြောင့် သွန်းပဲ ဖုန်းသွား ကိုင်လိုက်တော့သည်။

ဖြူဖြူကို အမိန့်နှင့် အကြမ်းဖက်၍ မရပေ။

"ဟယ်လို...။"

"........"

"ဟယ်လို...."

ဟယ်လိုဟု ထူးနေသော်လည်း တစ်ဖက်မှ ဘာသံမှ မကြားရသဖြင့် သွန်းနောက်တစ်ခါ ဟယ်လိုလုပ်လိုက်တော့ ခပ်ပြင်းပြင်းအသက်ရှူသံ ကို စတင်ကြားလိုက်ရသည်။ ဘာမှန်းမသိသဖြင့် နောက်ထပ် ဟယ်လို အသံပြုကာ အကြည့်က ဖြူဖြူ့ဆီရောက်သွားသည် ။ ဖြူဖြူက

မျက်လုံးပြူးကြီးနှင့် သွန်းကို ကြည့်နေသဖြင့် စောစောကလာသော ဖုန်းဖြစ်နေမှာ ကျိန်းသေ သေချာနေသည်။

"ဘယ်သူလဲ ...ဘာလို့ ပြန်မဖြေတာလဲ"

"မသိချင်ယောင်ဆောင်နေတာလား ..ရတီလေး"

"ရှင်...ရှင် ဖုန်းမှားနေပြီထင်တယ်၊ ဒီအိမ်မှာ ရတီလေး ဆိုတာ မရှိဘူး"

"အပိုတွေ မပြောစမ်းနဲ့ ။ ဒါ သရုပ်ဆောင်နေတာ မဟုတ်ဘူး ရတီလေး...မင်းရဲ့ ရုပ်ရည် ၊မင်းရဲ့ အသံကို ဘယ်အရပ် ၊ ဘယ်ဒေသရောက်ရောက် ငါသိတယ်"

"ရော်"

တစ်ဖက်ဆီမှ ခိုင်မာသေချာစွာ ပြောနေသဖြင့် သွန်း စိတ်လက်ညစ်သွားသည်။

ဒီလောက်ထိ မဟုတ်ပါဘူးလို့ တတွတ်တွတ် ပြောနေသည် ကို သူက ကာယကံရှင်ထက်ပင် သေချာနေသေးသည်။

တမင်အကြောင်ရိုက်နေတာလည်း ဖြစ်နိုင်တာမို့

"ဒီမှာ အပိုတွေပြောနေတာက ရှင်...ဒီလောက်ထိ ဖုန်းဘေလ်ပေါနေရင်လည်း မရှိဆင်းရဲသားတွေကို သွားလှူလိုက်"

"ဂျောက်"

"ကလင်...ကလင်"

"ဟင်"

"မမသွန်း"

ဖုန်းကို ဒေါသတကြီး ချလိုက်စဉ် ဖုန်းက ချက်ချင်းပင် ထမြည်လာပြန်သည် ။ ဖြူဖြူက ထိတ်လန့်သော လေသံနှင့် သွန်းကို ခေါ်လေသည် ။

သွန်းအသာနေဆိုသည့် ပုံစံနှင့် လက်ကာပြကာ ဖုန်းပလပ်ကြိုးကို ဖြုတ်ပစ်လိုက်သည် ။

"အလကား ...အလုပ်မရှိအလုပ်ရှာ...ပြောနေတာနဲ့ ငါမင်္ဂလာဆောင် နောက်ကျတော့မယ်....ပေး ပေး ..ကားသော့"

အဲဒီလိုပဲ ဘယ်တော့မှ စီစဉ်သလိုဖြစ်မလာ။ ဖုန်းသရဲက ဝင်ရောက်လာသဖြင့် အချိန်နာရီဝက်လောက် ကုန်ဆုံးသွားသည် ။ မင်္ဂလာဆောင်ကအပြန် မောင့်ရုံးသို့ ဝင်ရဦးမည်။

*****